ပန်းညိုကျေးရွာ

သက္ကယ်ကြင်းကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပန်းညိုကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ပန်းညို ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
ပန်းညို ကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ်	၈
အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်	
(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု	၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်	၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု	၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ	
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား	၁၀
(ခ) သဘာဝအရင်းအမြစ်များ	၁၀
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ	
(က) လူဦးရေဆိုင်ရာ အချက်အလက်များ	၁၁
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ	၁၃
(င) ကျန်းမာရေးနှင့် အာဟာရ	၁၄
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု	၁၄
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ	
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်	၁၅
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ	၁၅
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	၁၇
(ဃ) ရွှေ့ပြောင်းလုပ်သားများ	၁၈
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက်	၁၉
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း	၁၉
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု	၁၉
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၉
(ဈ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး	၂၁
(ည) လူငယ်နှင့် ယဉ်ကျေးမှု	၂၂

(၎) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၃
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၃
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၃
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၄
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၅
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၆
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၇
(ဂ) ဦးစားပေး စီမံချက်များ ၂၇
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၃၀
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၃၂
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၃၂
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃၂
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၃၃
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၃
(က) ကြီးကြပ်စစ်ဆေးခြင်း ၃၃
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၅
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၆

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၉၀
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၉၅
ရည်ညွှန်းချက်များ ၉၆
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၃ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၄၇
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပန်းညိုကျေးရွာ
သက္ကယ်ကြင်းကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

ပန်းညိုကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- ပန်းညိုကျေးရွာအရင်းအမြစ်ပြမြေပုံ - ပန်းညိုကျေးရွာ၊ သက္ကယ်ကြင်းကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



ကျေးရွာ ချမ်းညွှန့် ကျေးရွာ၊ ဝန်းသိုမြို့နယ် ရာသီခွင်ပြ ပြက္ခဒိန် ၂၅.၁၁.၂၀၁၇

လ/ အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန် ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
အလုပ်အကိုင် ☺😐☹	☹	😐	☺	☹	☺	☹	😐	😐	😐	☺	☺	😐
	-	-	ပျိုးကြဲ	စပါးစိုက်	စပါးစိုက်	နှမ်းစိုက်	-	-	စပါးဂိုတ်	စပါးသိမ်း	နှမ်းသိမ်း	-
	ရေနဲ့	ရေနဲ့	အာသင်္ဘာ	ရေမျှား	ရေမျှား	ရေမျှား	ရေမျှား	ရေမျှား	အာသင်္ဘာ	အာသင်္ဘာ	အာသင်္ဘာ	ရေနဲ့
	ကုသိမ္ဘာ	-	ငွေကျားမျှား	တူတော်ကွေး	ငွေကျားမျှား	-	-	ကုသိမ္ဘာ	-	-	ရေကြောက်	ကုသိမ္ဘာ
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	-	-	အကြွေစိမ်းပုတ်	-	ကြွက်ဖြူပိုး	အကွေစိမ်းပုတ်	သီးလုံးပေါက်အကြွေနှံပြုတ်		-	-	-	-
	သင်္ကြန်နှောင်း	-	-	ဘကြီးခေါ်ကာလ	-	-	မိုးတွင်းပွဲ	ကတိုးပွဲ	-	-	ပဒုမ္မာဒိုးပွဲ	-
သဘာဝ ဘေးအန္တရာယ်	-	လေတိုက်	လေတိုက်	မိုးကြိုး	-	-	-	-	-	-	-	-

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင် ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ပန်းညိုကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၏ အရှေ့မြောက်ဘက်တွင်တည်ရှိပြီး ဧရိယာ အကျယ်အဝန်းမှာ (၁)စတုရန်းမိုင်ရှိပါသည်။ ဝန်းသိုမြို့မှ(၂၃)မိုင်ကွာဝေးပြီး: ကျေးရွာ၏အရှေ့ဘက်တွင် သက္ကယ်ကြင်းကျေးရွာ၊ တောင်ဘက်တွင် ထန်းတောကျေးရွာ၊ မြောက်ဘက်နှင့် အနောက်ဘက်

တွင် အစိုးရစိုက်ခင်းများရှိပါသည်။ တောင်တန်းဒေသဖြစ်ပြီး ကျေးရွာသည် ပင်လယ်ရေ မျက်နှာပြင် အထက်(၁၈)ပေ အမြင့်တွင် တည်ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ။ကျွန်တော်တို့ပန်းညိုရွာ၏ အနောက်ဘုမိုင်ခန့်တွင် ယခင်က ရွှေထွက်ရှိပါသည်။ ယခုတွင်စီးပွားဖြစ်အောင်မရရှိတော့ပါ။ ကျွန်တော်တို့ရွာအနီး တောင်များတွင် ဆေးဘက်ဝင်အပင်များ အမြောက်အများ ပေါက်ရောက်နေပါသည်။ သဘာဝ တောတွင်းတိရိစ္ဆာန် မျိုးစိတ်များ များစွာတွေ့ရှိရပါသည်။ ကျွဲ၊နွားတိရိစ္ဆာန် စားကျက်များလည်း ပေါများပါသည်။ ကျောက်၊ သဲ၊ ကျောက်စရစ်များ ၊ ချောင်း၊မြောင်းများ သဘာဝတောင်တန်းများ၊ စိမ့်ကြီး မြိုင်ကြီး များ၊ ပုဂ္ဂလိက ရာဘာစိုက်ခင်းများနှင့် အစိုးရ ပိတောက်စိုက်ခင်းများရှိပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြ ပါသည်။ အိမ်ထောင်စု(၁၀၅)စုရှိပြီး လူဦးရေ စုစုပေါင်း(၅၈၅)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅–၆)ဦးရှိပါသည်။ ကျွန်တော်တို့ ပန်းညိုရွာ၏ လူဦးရေမှာ နို့စို့အရွယ်ကျား ၇ဦး၊ မ ၁၁ ဦး။ ၅နှစ်အောက်ကလေးငယ်မှာ ကျား ၃၂၊ မ ၂၆ဦး၊ မူလတန်းကျောင်းသားအရွယ် ၁၀နှစ်အောက် ကျား ၂၃၊ မ ၃၂ဦး၊ ၁၅နှစ်မှ ၆၅နှစ် အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား၁၈၄၊ မ ၁၇၇၊ ၆၅နှစ်နှင့်အထက် ကျား၇၊ မ ၁၄ဦး ဖြစ်သည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ ကျွန်တော်တို့ပန်းညိုရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ ကျွန်တော်တို့ရွာ၏ လယ်ယာစိုက်ပျိုးရေးသည် မိုးရွာမှမိုးရေကို စိုက်ပျိုးရေးအဖြစ် အသုံးပြုကြပြီး တစ်သီးစားလယ်ယာများဖြစ်ကြပါသည်။ မိုးရာသီမှလွဲ၍ နွေနှင့် ဆောင်းရာသီများ တွင် အခြားသီးနှံများ စိုက်ပျိုး၍ အဆင်မပြေပါ။ ကျွန်တော်တို့သည် တောင်ယာများကိုလည်း နှမ်းတစ်မျိုးကိုသာ စိုက်ပျိုးကြသည်။ အိမ်ထောင်စု (၁၀၅)အိမ်မှာ (၈၈)အိမ်သည် ကိုယ်ပိုင်လယ်ယာလုပ်ကိုင်သူများဖြစ်ကြသည်။ လယ်ယာလုပ်ကိုင်ရာတွင် အလုပ်သမားများ ငှားရမ်းခြင်းအလွန်နည်းပါးသည်။ အကြောင်းမှာ ကျွန်တော်တို့ဒေသသည် တောင်တန်းဒေသဖြစ်၍ လယ်ယာမြေတွင်တွင်ကျယ်ကျယ်မရှိပါ။ မွေးမြူရေးလုပ်ငန်းများသည် တစ်နိုင်တစ်ပိုင်အဖြစ်မွေးလေ့ရှိပါသည်။ ဥပမာ-ကျွဲ၊နွား၊ ဝက်၊ ကြက်၊ ဘဲ တို့ဖြစ်ပါသည်။

ထို့ကြောင့် ကျနော်တို့ရွာသူ၊ရွာသားများ၏ နေ့စား၊ကျပန်းအလုပ်သမားများသောရွာ ဖြစ်ပါသည်။ လယ်လုပ်ကိုင်ပြီးလျှင် အခြားဒေသသို့သွားရောက်ပြီး နေ့စား၊ လခစား၊ အလုပ်သမားအဖြစ် လုပ်ကိုင်လေ့ ရှိကြသည်။

ကျွန်တော်တို့ရွာတွင် ပိုင်ဆိုင်သည့် မြေအမျိုးအစားများမှာ မြေနီ၊မြေဝါ၊ ကျောက်စရစ်မြေ၊သဲမြေ၊ ရွှံစေးမြေများဖြစ်ပါသည်။ ကျွန်တော်တို့ဒေသရှိ မြေများသည် မိုးရာသီ၌သာအသုံးပြုနိုင်ပြီး ဆောင်းရာသီမှစ၍ ရေများခမ်းခြောက်လာကာ မြေအစိုဓာတ်များလည်း နည်းလာပြီး နွေရာသီတွင် လုံးဝခမ်းခြောက်သွား၍ မည်သည့်သီးနှံကိုမှ စိုက်ပျိုး၍မရပါ။ ချောင်းများရှိသော်လည်း

တောင်ကျချောင်းများဖြစ်သဖြင့် မိုးရာသီတွင်ရေကြီးသော်လည်း နွေနှင့်ဆောင်းရာသီများတွင် ရေရှိရုံမျှပင်ဖြစ်သည်။ ထို့ကြောင့် နွေ နှင့် ဆောင်းရာသီများတွင် မစိုက်ပျိုးနိုင်ပါ။ တစ်ချို့သည် ချောင်းရေကို ပင်ပန်းကြီးစွာသယ်ယူ၍ မိသားစုစားသုံးရန် စိုက်ပျိုးကြသည်။

ကျေးရွာ၏အခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာခန အဆင့် ခွဲခြားမှုနည်းလမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၈၁)ရာခိုင်နှုန်းရှိသောကြောင့် ကျေးရွာကို ဆင်းရဲသည်ဟု သတ်မှတ်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စု (၅%)၊ အလယ်လတ် အိမ်ထောင်စု (၁၈%) နှင့် ဆင်းရဲ နှင့် အလွန်ဆင်းရဲအိမ်ထောင်စု (၇၇%)ရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု (၁၀)ဧက အထက်ရှိခြင်း၊ ငွေတိုးချေးစားခြင်း၊ အိမ်ကြီး အိမ်ကောင်းများနှင့် နေထိုင်ကြခြင်း၊ လယ်ယာသုံးကိရိယာများဖြစ်သည့် လက်တွန်းထွန်စက်များ ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်မိသားစုများသည် မြေဧက (၅)ဧကမှ (၁၀)ဧကအထိ ပိုင်ဆိုင် ကြသည်။ အဆင်းရဲဆုံးမိသားစုများသည် မြေယာပိုင်ဆိုင်မှု မရှိခြင်း နှင့် ကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြရပါသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။ ကျေးရွာ၏ ၁၆%သည် မြေယာမဲ့များဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြသည်။ မြေပိုင်ဆိုင်သူများ၏၃၉%သည် ၅ဧကအောက် နှင့် ၄၁%သည် ၅ဧကအထက်ပိုင်ဆိုင်ကြပြီး အလယ်အလတ်စားတောင်သူများဖြစ်ပါသည်။ ၁၂.၅ဧကအထက် ပိုင်ဆိုင်သူ ၄%ရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၈၁)ရှိသည့်အနက် (၃၂) အိမ်ထောင်စုမှာ ၃လအောက် နှင့် (၅၀) အိမ်ထောင်စုသည် ၃လ မှ ၆လအထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပါသည်။ အိမ်ထောင်စုများသည် ချေးငှား၍ဝမ်းစာဖြည့်တင်းကြရပါသည်။ ငွေချေးယူရာတွင် ငွေတိုးချေးစား သူများထံမှ ချေးငွေကိုရယူကြပြီး စားသုံးရန်နှင့် ကျန်းမာရေး၊ ပညာရေးများအတွက် အသုံးပြုကြ ပါသည်။

ကျွန်တော်တို့ပန်းညိုရွာတွင် လယ်ဧက၃၄.၅ဧက ရှိပါသည်။ တစ်နှစ်တွင် စပါးနှင့် နှမ်းတစ်ရာသီဘဲ စိုက်ပျိုး၍ ရပါသည်။ စပါးကို ၁ဧကတွင် ပျှမ်းမျှ ၁၆ တင်းမှ တင်း ၃၀ အများဆုံး ထွက်ရှိပါသည်။ တင်း၄၀ထွက်ရှိသောသူမှာ စပါးအထွက် အကောင်းဆုံးသူဖြစ်ပြီး ထွက်ရှိသူအလွန်ပင်နည်းပါးသည်။ နှမ်း ၁ဧက ၅တင်းမှ ၁၀တင်းသာထွက်ရှိပြီး မိုးများသောနှစ်များတွင် ၁ဧက ၃ တင်း လောက်သာ ရရှိပြီး ဝမ်းစာ ဖူလုံမှုမရှိပါ။ စပါးကုန်သွားလျှင် စပါးကြိုပေးကို ငွေရှိသော သူများထံထားကြရပြီး ဝမ်းရေးကို လှည့်ပတ်ချေးငှားနေကြရသည်။

ကျွန်တော်တို့ရွာတွင် အဖိုးတန်သစ်တောများ ပြုန်းတီးလာခြင်းကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်ဆီးခြင်းနှင့် မုန်တိုင်းဒဏ်များ အနည်းငယ်ခံစားရပါသည်။

သစ်တောပေါများ၍ လမ်းပန်းဆက်သွယ်ရေး ဝေးလံခေါင်သီသော ဒေသဖြစ်ပြီး ငှက်ဖျားရောဂါကို အတော်အတင့် ခံစားရပါသည်။

ကျွန်တော်တို့ရွာတွင် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းရသူများ ပေါများလာသည်။ ရွှေတွေ့ရှိသောဒေသနှင့်အညီ ရွှေတူးဖော်ရာတွင် မတော်တဆ ကမ်းပါးပြိုခြင်းတို့ကြောင့် ရွှေတွင်းလုပ်သားများ ထိခိုက်ဒဏ်ရာရရှိသူများ အနည်းငယ်ရှိပါသည်။

ကျွန်တော်တို့ပန်းညိုရွာတွင် မိသားစုမရှိသော သက်ကြီးရွယ်အို (၁)ဦး ရှိပါသည်။ သားလဲမရှိ၊ သမီးလဲမရှိ ၍ ဖြစ်သလိုရှာဖွေစားသောက်နေရပါသည်။ ကျေးရွာမှ ကူညီစောင့်ရှောက်သော်လည်း ငွေကြေးအခက်အခဲကြောင့် ပြည့်စုံအောင်မထောက်ပံ့နိုင်ပါ။ မိသားစုရပ်ရွာများမှ စောက်ရှောက်မှု မရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်တစ်ဦးမှ မရှိပါ။ မိသားစုရှိသော်လည်း ငွေကြေးအခက်အခဲကြောင့် ကျန်းမာရေး စောင့်ရှောက်မှု အားနည်းနေပါသည်။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျွန်တော်တို့ပန်းညိုရွာ၏ပညာရေးမှာ အလွန်မှေးမှိန်လွန်းလှပါသည်။ ရွာသူ/ရွာသားများသည် မူလတန်းကျောင်းထွက်ဦးရေ ပိုများလှပါသည်။ ၁၉၉၅ခုနှစ်မှစ၍ မူလတန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ စာမတတ်သူဦးရေများလည်း အနည်းငယ်ရှိပါသည်။ ၂၀၀၄ခုနှစ်တွင် တွဲဖက်မူလွန်ကျောင်းကို စတင်ဖွင့်နိုင်ခဲ့ပါသည်။ ဘွဲ့ရပညာတတ် အလွန်နည်းပါးလှပါသည်။ ယခုလက်ရှိကျွန်တော်တို့ကျောင်းတွင် (၇)တန်းထိရှိပါသည်။ ကျွန်တော်တို့ရွာတွင်ရှိသည့် အတန်းထိသာ ပညာသင်ကြားနိုင်ပါသည်။ ကျောင်းသားမိဘများမှာ နေ့စား၊ ကျပန်းအလုပ်လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းသူများဖြစ်ရာ သားသမီး၏ပညာရေးကို လှည့်မကြည့်နိုင်သောကြောင့် ကျောင်းသား/သူများမှာ ရွာကျောင်းအတန်းပြီးလျှင် ကျောင်းထွက်ကြရပြီး မိဘများ၏အလုပ်ကို ဝိုင်းဝန်းလုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုရပါသည်။ ကျောင်းသားကျောင်းသူများမှာ ကျောင်းဆက်နေချင်သော်လည်း အဆင်မပြေသည့် မိဘများကို ငဲ့ညာပြီး အထက်တန်းကျောင်း ပညာများကို ဆက်မတက်နိုင်တော့ပါ။ အထက်တန်း၊ အလယ်တန်း ကျောင်းနေသူ အလွန်နည်းပါးလှပါသည်။ ကျွန်တော်တို့ရွာနှင့် အထက်တန်းကျောင်းမှာ အလွန်ဝေး လှပါသည်။ ငွေကြေးတတ်နိုင်သည့်မိဘများသာ သူတို့၏သားသမီးများကို ကျောင်းထားနိုင် ကြသောကြောင့် ငွေကြေးကုန်ကျများသော ပညာရေးဖြစ်နေပါသည်။ ကျွန်တော်တို့ရွာနှင့် ၂၃ မိုင်နှင့် ၃၂မိုင်ခန့် ဝေးသောနေရာများ၌ အထက်တန်းကျောင်းပညာကို သွားရောက်စာသင်ရပါသည်။ ထို့ကြောင့် ကျွန်တော်တို့ရွာတွင် ဘွဲ့ရပညာတတ်အလွန်နည်းပါးပါသည်။

ကျွန်တော်တို့ ပန်းညိုရွာ မူလတန်းကျောင်းတွင် ကျား(၃၆)ဦး၊ မ(၄၇)ဦး အလယ်တန်း ကျား(၁၃)ဦး၊ မ(၂၁)ဦး၊ အထက်တန်းတွင် ကျား(၂)ဦး၊ မ(၆)ဦးနှင့် တက္ကသိုလ်ကောလိပ် တက်ရောက်သူ

မ(၄)ဦးသာ ရှိပါသည်။ ကျောင်းများတွင် ပညာသင်ကြားနေသော အချိုးနှုန်းမှာ အလွန်နည်းပါးပါသည်။ ပညာရေးကိုဦးစားမပေးနိုင်ခြင်းသည် မိဘများ၏ဥစ္စာဓနမပြည့်စုံမှု၊ ဝေးလံခေါင်သီမှုနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်မပြေမှု၊ ငယ်စဉ်ကတည်းက ပညာသင်ယူလိုစိတ်နည်းပါးမှုနှင့် ကျောင်းနေမပျော်ခြင်းတို့ကြောင့် ဖြစ်သည်။
ကျေးရွာတွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူ(၁)ဦး ရှိပါသည်။

(ဂ) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်တို့ပန်းညိုရွာတွင် မိုးဦးရာသီအစ၌ ဂမ်းလျှောရောဂါနှင့် ငှက်ဖျားရောဂါအနည်းငယ် ခံစားရသည်။ ဧပြီလနှင့် မေလများတွင် သွေးလွန်တုတ်ကွေးရောဂါကို အနည်းငယ်ခံစားရပါသည်။ ဥတုကူးပြောင်းချိန်တွင် အသက်ရှူ လမ်းကြောင်းရောဂါများလည်းဖြစ်ကြပါသည်။ ဥပမာ။ ဓါတ်မတည့်၊ ချောင်းဆိုး၊ နှာစေးနှင့် အခြားရောဂါများဖြစ်ပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ကျွန်တော်တို့ပန်းညိုရွာတွင် အမျိုးသမီးအခွင့်အရေးနည်းပါးပါသည်။ ရွာမှအမျိုးသမီးများသည် ပြင်ပအတွေ့ကြုံနည်းပါးပါသည်။ နေ့စဉ်အိမ်အလုပ်တွင်သာ အချိန်ကုန်ကြပြီး အမြင်မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးညံ့ဖျင်းမှု၊ ဒေသ၊ မြို့ရွာများ တနေရာနှင့် တနေရာ ဝေးကွာပြီး လမ်းသွားလမ်းလာစိတ်မချရမှုတို့ကြောင့် ဖြစ်ပါသည်။ အမျိုးသမီးများသည် မိမိတို့စားဝတ်နေရေးကိုသာ အားစိုက်နေရသဖြင့် လူမှုအဖွဲ့စည်းနှင့် ကျေးရွာ၏ စီမံအုပ်ချုပ်မှုများတွင် ပါဝင်ဦးဆောင်နိုင်မှုမရှိပါ။ ကျွန်တော်တို့ရွာတွင် ပြင်ပအဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှုနှင့် အသိပညာပေးမှုများမရှိပါ။ ကျေးရွာ၏ သာရေးနာရေးများတွင် အမျိုးသမီးများက ချက်ပြုတ်တာဝန်ယူပြီး အမျိုးသမီးငယ်များက ကျွေးမွေးမှုတာဝန်ကို လုပ်ကိုင်ကြရပါသည်။ အခြားအဖွဲ့အစည်းများကိုတာဝန်ယူလုပ်ကိုင်ချင်သော်လည်းစားဝတ်နေရေးမပြေလည်မှု နှင့် အိမ်မှုကိစ္စများသည် အမျိုးသမီးများတာဝန်ဖြစ်သဖြင့် တက်ကြွစွာပါဝင်နိုင်မှု၊ ဆွေးနွေးဦးဆောင်နိုင်မှု အခွင့်အရေးများဆုံးရှုံးနေရပါသည်။ ကျွန်တော်တို့ရွာတွင်အကြမ်းဖက်မှုများမရှိပါ။ လူငယ်သဘာဝ ချစ်ကြိုက်မှုကြောင့် ဖြစ်တတ်သည့် ပြဿနာ အနည်းငယ် ရှိပါသည်။ ကျွန်တော်တို့ရွာသည် ဆိုလာမီးစနစ်ဖြစ်သဖြင့် အိမ်တိုင်းနီးပါးမီးလင်းနိုင်သော်လည်း တီဗွီ ကြည့်ရာတွင် အခက်အခဲများစွာရှိပါသည်။ တီဗွီကို ပီအက်စ်အိုင်လေးများကို ဝယ်ယူကာ မြန်မာနိုင်ငံမှလွှင့်သော ရုပ်သံလိုင်းများကို ကြည့်ရသည်။ မြို့နှင့်ဝေးကွာလှသဖြင့် အလွယ်တကူသက်တမ်းမတိုးနိုင်မှုနှင့် ပစ္စည်းပျက်လျှင် ဝန်ဆောင်မှု မရှိခြင်းတို့ကြောင့် အသိပညာ ရှာဖွေနိုင်မှုနှင့် မြန်မာနှင့်ကမ္ဘာဖြစ်ပျက်နေမှုများကို မသိရှိဘဲ မျက်စိမှိတ်၊ နားပိတ်ဖြစ်နေပါသည်။ ကိုရီးယားဇာတ်လမ်းတွဲများနှင့် မြန်မာဇာတ်ကား ဇာတ်လမ်းတွဲများကိုသာ ကြည့်ရှုရမှုကြောင့် အသိပညာတိုးပွားမှုများ လျော့နည်းနေရပါသည်။ လက်မှုအတတ်ပညာတတ်မြောက်သူနှင့် သင်နေသူများအလွန်ပင်နည်းလှပြီး သူတို့၏ ဘဝကိုကျပန်းလုပ်ကိုင်စားသောက်မှု ၊အိမ်မှုကိစ္စ၊သား/သမီးများ၏ကိစ္စအဝဝကိုသာ အာရုံစိုက်နေရပါသည်။ လူလွတ်အမျိုးသမီးများမှာလည်း စားဝတ်နေရေးနှင့် မိသားစုတာဝန်များကို ထမ်းဆောင်ရင်း အချိန်တန်လျှင် သူတို့၏ဘဝကို ကျပန်းလုပ်ကိုင်စားသောက်မှု၊ အိမ်မှုကိစ္စအဝဝကိုသာ အာရုံစိုက်နေရပါသည်။ အချိန်တန်လျှင် မိသားစုအိမ်ထောင်သစ်ကို ထူထောင်ပြီး သားရေး၊သမီးရေး၊ စီးပွားရေးနှင့် အချိန်ကုန်ဆုံးရင်း မိမိတို့

လုပ်ကိုင်ချင်သောလုပ်ငန်းများကို မလုပ်ကိုင်နိုင်ဘဲ အသက်ကြီး၍ အချိန်ကုန်သွားကြသည်။ အမျိုးသားများ၊ မိသားစုဝင်များနှင့် ပြင်ပအဖွဲ့အစည်းများ ပံ့ပိုးနိုင်လျှင် အမျိုးသမီးများ၏ ဘဝသည် မီးဖိုချောင်ထဲတွင် အချိန်မကုန်ဆုံးဘဲ ရပ်ရွာနှင့် နိုင်ငံ၏အကျိုးစီးပွားကို သယ်ဆောင် နိုင်သော အမျိုးသမီးများ ကျွန်တော်တို့ ပန်းညိုရွာတွင် အများကြီးရှိပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ကျွန်တော်တို့ရွာ၌ စနေ၊တနင်္ဂနွေနေ့များတွင် ဓမ္မစကူးလ် ကလေးသူငယ် ယဉ်ကျေးမှုသင်တန်းကို ဆရာ၊ဆရာမ(၇)ဦးနှင့် သင်ကြားပေးနေသည်။ သာရေး၊ နာရေး၊ လူမှုရေးကိစ္စအဝဝများတွင် လူငယ်အမျိုးသား၊ အမျိုးသမီး: (၇၇)ဦးက ဦးဆောင်၍ တာဝန်ထမ်းဆောင်ပေးကြသည်။ ဘာသာရေးကိစ္စများတွင် ဂေါပက(၁၀)ဦးက ဦးဆောင်၍ တက်ညီ လက်ညီနှင့် တစ်ရွာလုံး ဆောင်ရွက်ကြသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျွန်တော်တို့ပန်းညိုရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ အသင့်အတင့်ပိုင်ဆိုင်သောရွာဖြစ်ပါသည်။ တောင်သူတစ်ဦးလျှင် (၁၂)ဧက ပိုင်ဆိုင်သူသည် လယ်ယာမြေ အများဆုံးပိုင်ဆိုင်သူဖြစ်ပြီး ကျွန်တော်တို့ရွာတွင် (၁၂) ဧက ပိုင်ဆိုင်သူ (၄)ဦးသာ ရှိသည်။ (၁)ဧက၊(၂)ဧက၊(၃)ဧက ၊(၅)ဧက အများဆုံးပိုင်ဆိုင်ကြသည်။ လယ်မြေ အားလုံးသည် မိုးကိုမျှော်၍ စိုက်ပျိုးကြရသည်။ သစ်တောကြိုးဝိုင်းများရှိသဖြင့် လယ်ယာမြေများကိုမချဲ့ထွင်နိုင်ပါ။ မြေယာမဲ့များသည် ကျပန်းအလုပ်ကိုသာ လုပ်ကိုင် အသက်မွေး ကြသည်။

ကျွန်တော်တို့ပန်းညိုရွာ၏ ရေအရင်းမြစ်မှာ မိုးရွာမှ စိုက်ရေ၊ ချောင်းရေရရှိပါသည်။ သောက်ရေ အဖြစ် အများပိုင်ရေတွင်း (၈)တွင်းကိုသာ အဓိကထားရပါသည်။ တွင်းရေများသည် (၁၂)လရာသီ သုံးစွဲ၍မရပါ။ မိုးနှင့်ဆောင်းသာ ရေပေါပေါသုံးရပြီး နွေရာသီတွင် ချေတာသုံး ရပါသည်။ ကျွန်တော်တို့ရွာကလေးသည် မိုးရွာမှမိုးရေကိုသာ စိုက်ပျိုးရေအဖြစ်သုံးလေ့ရှိပါသည်။ ကြီးမားသည့် မိုးလှောင်ရေကန်များလည်းမရှိသည့် အတွက် စိုက်ပျိုးတောင်သူများ စိုက်ပျိုးရေ အခက်အခဲကြုံတွေ့ရပါသည်။ ချောင်း၊ မြောင်းများနီးသည့် တောင်သူများသည် ရေစုပ်စက်နှင့် အနည်းငယ် အသုံးပြုကြသည်။ ကြီးမားသောချောင်း၊ မြောင်းကြီးများမရှိပါ။ မိုးရွာလျှင် ချောင်းရေ၊ မြောင်းရေများ ရေအလွန်လျှံပယ် တောင်ကျချောင်းများဖြစ်သည့်အတွက် ကြာရှည်စွာ ရေကြီးခြင်းမရှိပါ။ ကျွန်တော်တို့ပန်းညိုရွာ၏ ချောင်းများ၊ မြောင်းတွင်းရှိရေများကို မိုးနှင့်ဆောင်းဝင်စ ရာသီအထိ အသုံးပြု၍ ရပါသည်။

ကျွန်တော်တို့ရွာ၏ အဓိကစိုက်ပျိုးသောသီးနှံမှာ စပါးဖြစ်ပြီး ကောက်ပင်စိုက်ပျိုးပြီးသည်နှင့် နှမ်းသီးနှံကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြသည်။ ကျွန်တော်တို့ရွာသည် စပါးစိုက်ပျိုးရာတွင် ရာသီဥတု

ဖောက်ပြန်မှုကြောင့် စပါး၊ နှမ်း အထွက်နှုန်းများ လျော့ကျခြင်း ဖြစ်ပါသည်။ စိုက်ပျိုးရေး နည်းပညာ မရှိသောကြောင့် နှင့် သီးနှံထွက်ရှိန်တွင် လယ်ယာမြေ အတွင်း ရေမရှိသောကြောင့်တို့ဖြစ်ပါသည်။

ကျွန်တော်တို့ရွာသည် လယ်ယာလုပ်ကိုင်ရာတွင် ကိုယ်ပိုင် ကျွဲ၊ နွားများကိုသာ အသုံးပြုကြသည်။ လက်တွန်းထွန်စက်များနှင့် စပါးခွဲလှေ့စက်များကို ရွာထဲတွင် စက်ရှိသူများထံမှ အခကြေးငွေနှင့် ငှားရမ်းကြရပါသည်။ နှမ်းစိုက်ရာတွင် တစ်ချို့ ကိုယ်ပိုင်နွားများနှင့် ထွန်သော်လည်း တစ်ချို့တွင် ထွန်၊ထယ် စက်ကြီးများကို အချိန်ပိုင်းနှင့် ငှားရမ်းကြ သည်။ ကျွန်တော်တို့ရွာတွင် စပါးရိတ်စက်၊ ရိတ်သိမ်းခွဲလှေ့စက်နှင့် တစ်ခြား ခေတ်မီသည့် စက်ကိရိယာများကို ငွေကြေးအင်အား မတတ်နိုင်သဖြင့် ရွာသူရွာသားတိုင်း မဝယ်ယူနိုင်ပါ။ အရစ်ကျစနစ်ရှိသော်လည်း လူနည်းစုသာ ဝယ်နိုင်ကြပါသည်။ ရေစုပ်စက်များကို လူအနည်းစု သာအသုံးပြုကြသည်။ မြက်ရိတ်စက်များကိုလည်း အသုံးပြု ကြပါသည်။

ကျွန်တော်တို့ရွာ၏ ရေ၊မြေရာသီဥတုသည် အပူအနည်းငယ်များသော ရာသီဥတုဖြစ်သည်။ လယ်ယာမြေ အသုံးချနိုင်မှုနှင့် စိုက်ပျိုးရေးအရင်းအမြစ်မှာ အသင့်အတင့်သာရှိသည်။ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုလည်း အစိုးရမှထုတ်ပေးသော ဝန်ဆောင်မှုသာရှိပါသည်။ သဘာဝ မြေဆွေးနှင့်အော်ဂဲနစ် မြေဩဇာများလည်း ရှိပါသည်။ ပိုးသတ်ဆေးများလည်း ဝယ်ယူနိုင်ပါသည်။ ကျွန်တော်တို့ရွာသည် လမ်းပန်း ဆက်သွယ်ရေး ၊ ငွေကြေးဝန်ဆောင်မှုနှင့် နွေရာသီအထိရေသိုလှောင်ထားနိုင်သော တာတမံများ ရှိပါက စီးပွားရေးအဆင်ပြေသောရွာတစ်ရွာ ဖြစ်လာနိုင်ပါသည်။

ကျွန်တော်တို့ပန်းညိုရွာတွင် နှစ်စဉ် နှစ်တိုင်း မိုးဦးနောက်ကျခြင်း၊ မိုးလယ်ခေါင်ခြင်း၊ မိုးနှောင်းတွင် စပါးရိတ်သိမ်းချိန် မိုးများခြင်းတို့ ခံစားရပါသည်။ မိုးရာသီတွင် တောင်ကျချောင်းရေများကို သိုလှောင်နိုင်သော မြေနေရာများ ရှိသော်လည်း ငွေအင်အားအခက်အခဲကြောင့် မဆောက်လုပ်နိုင်ပါ။ မိုးခေါင်လျှင် ကျွန်တော်တို့ပန်းညိုရွာ၏ လယ်ယာမြေများသည် လုံးဝစိုက်ပျိုး၍ မရနိုင်ပါ။ မိုးရွာသည့်အချိန်ကို အပြေးအလွှားသွား၍ ထွန်ယက်ရပါသည်။ ကုန်းမြင့်နေရာဖြစ်သောကြောင့် မိုးရေများ လယ်ပြင်ထဲ၌ မိုးရေကြာကြာမရှိခြင်းကြောင့် ဖြစ်သည်။ အစိုးရ စိုက်ပျိုးရေးဘဏ်များမှ ချေးငွေများရနိုင်သော်လည်း တောင်သူများလိုအပ်သည့်စိုက်ချိန်တွင် အချိန်မှီချေးငွေမရပါ။ သီးနှံမျိုးစေ့များ ရနိုင်သော်လည်း လမ်းပမ်းဆက်သွယ်ရေးဝေးကွာခြင်း၊ လိုအပ်သည့်အချိန်များတွင် အချိန်မှီမရနိုင်ခြင်း၊ ငွေအရင်းအနှီးမရှိခြင်းတို့ကြောင့် အခက်အခဲများကြုံနေရပါသည်။ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒနှင့် စိုက်ပျိုးရေးနည်းပညာများကို ကျွန်တော်တို့ရွာမှ တောင်သူများအရမ်းကို လိုအပ်နေပါသည်။ စပါးများ၊ နှမ်းများ အထွက်နှုန်း အလွန်နည်းပါးသည်။ တောင်သူများမှာ လက်ရှိအချိန်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံအထွက်တိုးဖို့ အခက်အခဲများ ရင်ဆိုင်နေရခြင်း၊ ဓါတ်မြေဩဇာနှင့် ဓါတုပိုးသတ် ဆေးများသုံးရန် နည်းလမ်းမရှိခြင်း၊ တောင်သူများမှ ရမ်းကုပမာအသုံးပြု လုပ်ကိုင်နေရပါသည်။ ဖျက်ပိုးများကြောင့် အထွက်နှုန်းလျော့ကျခြင်းများ ရင်ဆိုင်နေရပါသည်။ သီးနှံထွက်ကုန်များ ရောင်းချရာတွင်လည်း လမ်းပန်း ဆက်သွယ်ရေး မကောင်းခြင်း၊ ဝေးခြင်းကြောင့် ဈေးမှန်မှန်ကန်ကန်မရရှိပါ။ ထို့ကြောင့်

တောင်သူများ လယ်ယာချေးငွေများကို တစ်ခြားဝင်ငွေရအလုပ်များလုပ်ကိုင်ပြီး ရရှိသောငွေများကို စိုက်ပျိုးရေးဘဏ်သို့ ဆပ်ကြရသောကြောင့် မိသားစုများမှာ မလည်ပတ်မိပဲ စီးပွားရေးကြပ် တည်းကြရပါသည်။

ကျွန်တော်တို့ရွာ၏ မွေးမြူရေးလုပ်ငန်းသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးဖြစ်ပါသည်။ အဓိကမွေးသည့် တိရိစ္ဆာန်များမှာ ကျွဲ၊ နွား၊ ဝက်၊ ကြက်တို့ ဖြစ်ပါသည်။ ငါးမွေးမြူရေးကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်သူ (၃)ဦးသာ ရှိပါသည်။ ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ်ငါးမွေးမြူရေးကို လုပ်ကိုင်သူများမရှိပါ။ စီးပွားဖြစ်မွေးမြူရေးကို အဓိကလုပ်ကိုင်ချင်သော်လည်း မွေးမြူရေး နည်းပညာ ၊ အတတ်ပညာမရှိခြင်း နှင့် အရင်းအနှီးငွေမရှိခြင်းကြောင့် ဖြစ်ပါသည်။ ဦးဆောင်၍ လုပ်ကိုင်ကြရမည့် အိမ်ထောင်ဦးစီးအများစုမှာလည်း မူးယစ်ဆေးဝါးနှင့် အချိန်ကုန်ဆုံးနေကြ ရပါသည်။

ကျွန်တော်တို့ရွာတွင် စားကျက်မြေများ အသင့်အတင့်ရှိပါသည်။ မွေးမြူရေးကို လုပ်ကိုင်ဖို့ အလားအလာ အမြောက်အများ ရှိပါသည်။ ချောင်း၊ မြောင်း၊ စိမ့်စမ်းရေများရှိခြင်း၊ သဘာဝ တောတောင်များရှိခြင်း၊ မြေလွတ်၊ မြေလပ်များရှိခြင်း ရေရရှိမှုမှာလည်းအသင့်အတင့်တို့ ဖြစ်ပါ သည်။ မွေးမြူရေးကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လို့ရသည့်နေရာများ ရှိပါသည်။ ကျွန်တော်တို့ ၏ ရွာသည် မွေးမြူရေးအတတ်ပညာ၊ အသိပညာများ၊ မွေးမြူရေးဝန်ဆောင်မှု ရရှိလျှင် ကျွန်တော်တို့ ဒေသအတွက် အရမ်းကိုအဆင်ပြေပြီး ရွာသူ၊ ရွာသားများအတွက် အလုပ်အကိုင် ရှားပါးမှု ပြဿနာ ကို ဖြေရှင်းနိုင်ပြီး မိသားစုတစ်ကွဲတစ်ပြားဖြင့် ရပ်ဝေးသို့သွားရောက်၍ စီးပွားရှာ စရာမလိုတော့ပါ။

ကျွန်တော်တို့ပန်းညိုရွာတွင် မွေးမြူရေးကို အဓိကထားပြီး လုပ်ကိုင်ရာတွင် စားကျက်မြေများနှင့် ချောင်း၊မြောင်းရှိသော်လည်း မျိုးကောင်းမျိုးသန့် တိရိစ္ဆာန်များမရရှိခြင်း ၊ အစာ၊ ဆေးများ လက်လမ်းမှီမှု မရှိခြင်း၊ ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှုများ အလွယ်တကူမရနိုင်ခြင်း၊ ထုတ်ကုန် ရောင်းဝယ်မှုမှာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ဈေးနှုန်းမှန်ကန်စွာ မရရှိခြင်းများ ရှိပါသည်။ မွေးမြူရေးကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြပြီး စီးပွားလုပ်ကိုင်ချင်သော်လည်း မွေးမြူရေး နည်းပညာများနှင့် ချေးငွေ ဝန်ဆောင်မှုမရှိပါ။ ကျွန်တော်တို့ရွာတွင် ကြက်၊ ဝက်၊ ဘဲ၊ နွား၊ ငါးများ မွေးမြူလို့ရနိုင်ပါသည်။ မွေးမြူရေးကို ရွာသူ၊ရွာသားများ စိတ်ဝင်စားလျက်ရှိပြီး မွေးမြူရေး အထောက်အကူပြု လုပ်ငန်းများ လိုအပ်နေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ကျွန်တော်တို့ ပန်းညိုရွာတွင် လုပ်သားအင်အားရရှိနိုင်မှုများပါသည်။ လယ်ယာနှင့် သားငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်သီးသန့်မရှိပါ။ ကုန်ကြမ်းများ ပေါသော် လည်း လမ်းပန်းဆက်သွယ်ရေးနှင့် ပစ္စည်းများ အရည်အသွေး အားနည်းနေမှုကြောင့် ဈေးကောင်း မရပါ ။ ဈေးကွက်ဆိုင်ရာ အသိအမြင်များလည်း ကျွန်တော်တို့ရွာကလေးများ လိုအပ်နေပါသည်။ ချေးငွေများ

အစိုးရစိုက်ဘဏ်ချေးငွေ တစ်မျိုးတည်းသာရှိပြီး ပြင်ပအဖွဲ့အစည်းနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ ချေးငွေများမရရှိပါ။ ထိုချေးငွေများလည်း ကျွန်တော်တို့ ရွာသားများ လိုအပ်နေ ပါသည်။

ကျွန်တော်တို့ပန်းညိုရွာ၏ စိုက်ပျိုး၊မွေးမြူရေးမဟုတ်ဘဲ ကြံုရာဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသောလူဦးရေ (၅၀%)ရှိပါသည်။ သူတို့မှာလယ်ယာပြီးချိန်တွင် ရွာနားနီးတဝိုက်တွင် တစ်ခြား ဝင်ငွေရသော နေ့စားကျပန်းများလုပ်ကိုင်ပြီး အသက်မွေးဝမ်းကြောင်းပြုရသည်။ အနီးနားမှ အလုပ်အကိုင်ရှားပါးလျှင် အလုပ်ရနိုင်သောနေရာဒေသများသို့ သွားအလုပ်လုပ်ကြရသည်။ ကျွန်တော်တို့ရွာတွင် မူလွန်(၇)တန်းထိရှိပြီး အများစုမှာ ရွာကျောင်းပြီးလျှင် ကျောင်းပညာကို မိဘများ၏ ငွေကြေးအင်အားနှင့် အဆောင်စရိတ်၊ထမင်းစရိတ် အစရှိသော ကုန်ကျစရိတ်များကို မတတ်နိုင်၍ အဖိုးတန်နိုင်ငံတော်၏ လူတော်လူကောင်းလေးများဆုံးရှုံးရပြီး ရွာတွင်လည်း ပညာအလွန်နည်း၍ အတတ်ပညာဖြင့်လုပ်ကိုင်သူမှာ မရှိသလောက်ရှားပါသည်။ ၆တန်း၊ ၇တန်း ကျောင်းသားများအတွက် ရွာမှနှစ်စဉ် ဆရာမတစ်ယောက်လျှင် စပါး(၁၀၀)ပေး၍ ငှားရမ်းရပြီး ဆရာမ (၂)ယောက်သာရှိပါသည်။

(ဃ) ရွှေပြောင်းလုပ်သားများ။ ။ကျွန်တော်တို့ပန်းညိုရွာတွင် မိုးတွင်းကောက်စိုက်ချိန်နှင့် စပါးရိတ်ချိန်များတွင် အလုပ်အကိုင်ရှိပြီး ဆောင်းတွင်းမှစ၍ နွေရာသီအထိ အလုပ်အကိုင်မှာ ရွှေတွင်းအလုပ်မှလွဲ၍ လုပ်စရာအလုပ်မရှိပါ။ ထို့ကြောင့်ရရှိထားသော စပါးနှမ်းများကို ငွေလိုလျှင် ရောင်းချ၍ သုံးစွဲရသောကြောင့် အိမ်ထောင်စုများသည် နောက်ပိုင်းတွင်ဝမ်းစာမရှိဘဲ စပါးတိုး၊ ငွေတိုးများကို အတိုးနှုန်းမြင့်စွာဖြင့် ငွေချေးသုံးရပါသည်။ လူငယ်၊လူရွယ်များ သည်ရွာအနီးတွင် အလုပ် အလွန်ရှားပါးလှသဖြင့် ရပ်ဝေးသို့သွားရောက်အလုပ်လုပ်ရပါသည်။ စပါးတိုး၊ငွေတိုးများက အတိုးနှုန်းမြင့်၍ ပြန်ဆပ်ချိန်စပါးထွက်မကောင်းလျှင် ဝမ်းစာမကျန် သူများလည်းရှိပါသည်။

ကျွန်တော်တို့ပန်းညိုရွာ၏ မိသားစုများသည် အလုပ်လုပ်ကိုင်သူမှာ အလွန်နည်း၍ ထိုင်စားသူများမှာ အလွန်ပင်များပါသည်။ ရာသီချိန် (၄)လလောက်သာ အလုပ်ရှိ၍ ကျန်လများမှာ ရရစားစားဖြင့် နေထိုင်ကြပြီး လူမှုရေး၊ကျန်းမာရေး၊ သာရေး၊နာရေးများကို စပါးရှိသူများကစပါး၊ ဘာမှမရှိသူများက ငွေတိုးယူကြရသည်။ အကြွေးမြီများနှင့် မိသားစုစားဝတ်နေရေးကိုဖြေရှင်းရန် အလုပ်ရှိသည့် နေရာများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ကြရသည်။ လုပ်ကိုင်နေသူများမှာလည်း ခရီးအကွာအဝေးနှင့် စားစရိတ်ကြောင့် ပိုလျှံမှုမရှိဘဲ တစ်ချို့သူများတွင် အကြွေးမြီဖြင့်သာ ရှာသောပိုက်ဆံများကုန်ကြရသည်။

ကျွန်တော်တို့ပန်းညိုရွာတွင် အဝေးနေရာသို့ သွားရောက် လုပ်ကိုင်နေသောသူထံမှ ပြန်ပို့ငွေကို မှီခိုနေသော အိမ်ထောင်စု(၁၉)အိမ်ရှိပါသည်။ (၁)လခြား (၂)လခြားအိမ်သို့ ပြန်လာ၍ သော်လည်းကောင်း၊ လူကြံုဖြင့်လတိုင်းငွေပို့ကြရသည်။ အိမ်ရှိမိသားစုများသည် အလုပ်အကိုင်မရှိဘဲ ရပ်ဝေးထံမှ ပိုက်ဆံကိုမျှော်၍ သုံးစွဲနေရခြင်းကြောင့်ဖြစ်သည်။ အလုပ်လုပ်ကိုင်သူများသည် စားဝတ်နေရေးပြေလည်ရုံနှင့် အကြွေးဆပ်နိုင်ရုံသာ အဓိကထားရသည်။ ပိုလျှံမှုမရှိပါ။

(ငါ) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။ ။ ကျွန်တော်တို့ပန်းညိုရွာနှင့် အနီးဆုံးဈေးမှာ (၅)မိုင်ကွာဝေးပါသည်။ သယ်ယူပို့ဆောင်ရေးနည်းမှာ ကား၊ဆိုင်ကယ်၊နွားလှည်းဖြင့် ပစ္စည်း များကို သယ်ယူရပါသည်။ မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် ဆိုင်ကယ်၊ နွားလှည်းကို အသုံးပြုကြသည်။ ကုန်စည်နှင့်ဝန်ဆောင်မှုရရှိနိုင်မှုမှာ လိုအပ်သည့် ပစ္စည်းများ မရနိုင်ပါ။ ဈေးအခြေခံအဆောက်အဦးမှာ အသားဖြင့်တည်ဆောက်ထားပြီး အချိန်ကာလ အလွန် ကြာမြင့်သဖြင့် အလွန်ပင်ဟောင်းနွမ်းဆွေးမြေ့နေပါသည်။ သန့်ရှင်းရေးနှင့်ဝန်ဆောင်မှုမှာ အလွန် ပင်အားနည်းလှပါသည်။ အကြီးစားဈေးနှင့် (၃၂)မိုင်ကွာဝေးပါသည်။ သယ်ယူပို့ဆောင်ရေးမှာ ကား၊ဆိုင်ကယ်၊သုံးဘီး၊ရထားတို့ အများဆုံးအသုံးပြုပါသည်။ ကုန်စည်ဝန်ဆောင်မှုမှာ အသင့် အတင့် ရှိပါသည်။ ဈေးအခြေခံ အဆောက်အဦးမှာကောင်းပါသည်။ ကျွန်တော်တို့ရွာမှ ထွက်ရှိသော ကုန်ကြမ်းများကို အကြီး ဆုံးဈေးသို့ ရောင်းချနိုင်လျှင် အမြတ်စွန်းများပို၍ ရနိုင်ပါသည်။ အနီးဆုံး ဈေးသို့ ပစ္စည်း သယ်ယူရာတွင် သုံးဘီးခ (၁၀၀၀၀) ကုန်ကျပြီးမှ ခရီးရောက်ပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ ကျွန်တော်တို့ပန်းညိုရွာရှိ တောင်သူ လယ်သမားများကို မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ ၃လမှ ၆လအတွင်းကာလကို ဆပ်ရမည်ဆိုသော်လည်း တောင်သူများ၏ အခက်အခဲကြောင့် နောက်ကျမှဆပ်နိုင်ကြပါသည်။ မြန်မာ့စီးပွားရေးဘဏ်အတိုးနှုန်းမှာ(၂%)သာဖြစ်ပါသည်။ လယ်ဂရန်များကို အပေါင်ခံ ပစ္စည်း အဖြစ် ယူဆောင်သွားရသည်။ စပါးများကို ဈေးနှုန်းအခက်အခဲကြောင့် နောက်ကျမှ ရောင်းရခြင်း၊ သီးနှံဈေးနှုန်းမှန်ကန်စွာ မရခြင်း တောင်သူများ ခံစားနေရပါသည်။ ကျွန်တော် တို့ ဒေသရှိ တောင်သူများသည် တစ်အုပ်စုကို(၄)ရွာရှိပြီး စိုက်ဘဏ်ချေးငွေများကို (၄)ရွာလုံး ကြေပြီးမှ ချေးငွေများကို ထုတ်ပေးလေ့ရှိပါသည်။ အလုပ်အကိုင်ရှားပါးချိန်များတွင် အပေါင်ခံပစ္စည်းများဖြင့် ငွေချေးလေ့ရှိပါသည်။ အတိုးနှုန်း (၅%)ရှိပါသည်။ ဝမ်းစာရေးအတွက် ချေးငွေများကို ကာလတို/ ကာလရှည်ယူလေ့ ရှိပါသည်။ ကျွန်တော်တို့ရွာ၏ အဓိကပြဿနာမှာ အတိုးနှုန်းများသောကြောင့် နေ့စား၊ကျပန်းလုပ်ကိုင်ရသူများ အလွန်ပင် အခက်အခဲ ဖြစ်နေရပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျွန်တော်တို့ရွာသည် လွန်ခဲ့သောနှစ်ကာလအတွင်း သဘာဝသစ်တော၊ စိမ့်စမ်းရေထွက်ရှိသော နေရာများနှင့် တိရိစ္ဆာန် များ ပေါများသောဒေသဖြစ်ပါသည်။ လက်ရှိအချိန်တွင် တရားမဝင်သစ်ခိုးထုတ်မှုနှင့် စည်းကမ်းမဲ့၊ သစ်ခုတ်ခြင်းများကြောင့် သဘာဝမှရသော မြေဆီ၊ မြေဩဇာများနည်းပါးလာခြင်း၊ ချောင်း၊ မြောင်းများနှင့် စိမ့်စမ်းရေများ၌ ရေနည်းပါးလာခြင်း၊ စိုက်ပျိုးမြေယာများ အစိုဓာတ်ထိမ်း သိမ်းမှု မရှိခြင်းတို့ဖြစ်ပါသည်။ သဘာဝသစ်တောများ ပျက်စီးလာခြင်းကြောင့် ကျွန်တော်တို့ အနေနဲ့ ရွာနီး ပတ်ဝန်းကျင်ရှိ သစ်တောများကို ကျွန်တော်တို့ရွာသူ၊သားများက ကျေးရွာပိုင်သစ်တောအဖြစ် ထိန်းသိမ်းလျက်ရှိပါသည်။ သစ်ပင်များစိုက်ပျိုးရန် စီစဉ်နေပါသည်။

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျွန်တော်တို့ ပန်းညိုရွာတွင် မူလွန်စာသင်ကျောင်းရှိပြီး ကျောင်းသား ဦးရေ (၁၂၀)ခန့် ရှိပါသည်။ ကျောင်းအား ၁၉၉၃ခုနှစ်တွင် ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့ပြီး ယခုချိန်တွင် အိုမင်းဟောင်းနွမ်းနေပြီ

ဖြစ်ပါသည်။ ကျောင်းအခင်းအကာများ၊ တံခါး၊ လှေကား ပြတင်းပေါက်များမှာ ပျက်စီးဆွေးမြေ့နေပါသည်။ ထို့ကြောင့် ကျောင်းသား/သူများ၏ လုံခြုံရေးအတွက် စိုးရိမ်နေရပါသည်။ ပညာရေးဌာနမှ စာသင်ကျောင်းများကို ဆောက်လုပ် ပေးနေသော်လည်း ကျွန်တော်တို့ရွာတွင် မရရှိသေးပါ။ ကျောင်းတွင်းအိမ်သာ(၃)လုံးကို ပညာရေးဌာနမှ ဆောက်လုပ်ပေးထားပါသည်။ စာသင်ကျောင်းသည် ရွာ၏အနီးတွင်ရှိသဖြင့် ကျောင်းသား/သူများ ခြေလျင်ကျောင်းတက်ကြပါသည်။ ကျောင်းတွင် ဆရာ/ဆရာမဦးရေ(၆)ယောက်ရှိပြီး ဆရာမ(၂)ဦးမှာ ရွာမှ ငှါးရမ်းထားသော ဆရာမများဖြစ်ပါသည်။ ကျွန်တော်တို့ရွာရှိ ကျောင်းသား/သူများမှာ ကျောင်းဟောင်းကြီးဖြင့် ခက်ခဲစွာ ပညာသင်ကြားနေကြရပါသည်။

ကျွန်တော်တို့ပန်းညိုရွာ ပညာရေးမှာ ဆရာနှင့်ကျောင်းသား အချိုးစားမညီခြင်း၊ ကျောင်းပရိဘောဂ မပြည့်စုံခြင်း၊ အားကစားဆိုင်ရာပစ္စည်းများမရှိခြင်းများ ဖြစ်နေပါသည်။ ကျောင်း၏ လက်ရှိ အခြေအနေမှာ KG မှ (၄)တန်းအထိ ဆရာမ (၄)ဦးနှင့် ကျောင်းသား/သူများ သင်ကြားနေရပါ သည်။ ၅တန်းမှ ၇တန်းထိ ရွာမှငှါးထားသော ဆရာမ(၂)ဦးနှင့် သင်ကြားနေရသဖြင့် ဆရာဆရာမ မလုံလောက်မှုကြောင့် ရောက်သင့်သည့် သင်ခန်းစာအထိ အချိန်မှီမရောက်သဖြင့် အချိန်ပိုများ ခေါ်ယူသင်ကြားနေရခြင်းကြောင့် ကျောင်းသားများနှင့် ဆရာမများ ပင်ပန်းမှုနှင့် စိတ်ဖိစီးမှုတို့ ခံစားနေကြရပါသည်။ ကျေးရွာမှ ဆရာမ(၂)ဦးမှာ ၂၀၀၄ ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်းရွာမှ ငှါးရမ်းနေရသဖြင့် ဆရာမ(၁)ဦးလျှင် ၁နှစ်အတွက် (၆၀၀၀၀၀)ကျပ်၊ ဆရာမ၂ဦးတွက် (၁၂၀၀၀၀၀)ကျပ် ကုန်ကျနေပြီး ဆရာ/မ မလုံလောက်သော်လည်း ရွာမှ နောက်ထပ်ဆရာမ မငှါးနိုင်တော့ပါ ။ ဆရာနှင့်ကျောင်းသား မညီမျှမှုကြောင့် ပညာသင်ကြားမှု စွမ်းဆောင်ရည်များ လျော့နည်းလာရပါသည်။ ထို့ကြောင့် ကျောင်းသား/သူများ၏ပညာရေးမှာ စိုးရိမ်စရာ အလွန်ပင် ကောင်းလှပါသည်။ ကျောင်းသား/သူများသည် ဆရာ/မမလုံလာက်မှုကြောင့် ရှိသောအချိန်များတွင် ပညာကိုသင်ကြားနေရပြီး စာရိတ္တ၊ ဘဝတွက်တာ၊ ကာယ၊ အိမ်တွင်းမှုများကို သင်ကြားမှု အလွန်ပင် နည်းလှပါသည်။ ထို့ကြောင့် ကျောင်းပျင်းလှသောကလေးများသည် စာပြီးရင်းစာ သင်ကြားနေရသဖြင့် တချို့မှာ ကျောင်းမပျော်တော့ဘဲ ရွာရှိ အတန်းပညာက ဆက်၍မသင်တော့ပဲ ကွဲ၊ နွားကျောင်း၍ နေကြပါသည်။ လူကြီးများထားသော်လည်းလုံးဝမရတော့ပါ။ ထို့ကြောင့် ကျောင်းနေပျော်၍ စာတော်သောကလေးများ ဖြစ်စေရန် အထက်ပညာရေးမှူးများအနေဖြင့် ဆရာ/မများ လုံလောက်စွာထားပေးစေလိုပါသည်။ ကျွန်တော်တို့ ရွာကျောင်း၏ လိုအပ်ချက်များမှာ အားလုံးနီးပါးဖြစ်သည်။ ကလေးများ အားကစားကွင်းမရှိခြင်း၊ အားကစားပစ္စည်းများမရှိခြင်း၊ ပညာရေးဌာနမှ ဝန်ဆောင်မှုမပေးခြင်းတို့ဖြစ်ပါသည်။

ပန်းညိုရွာတွင် သက္ကယ်ကြင်းအုပ်စုတွင်ရှိသော ကျန်းမာရေးဌာနခွဲဆရာမက မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုကို တာဝန်ယူပေးပါသည်။ ကာကွယ်ဆေးထိုးနှံမှုများတွင် ဆရာမ တစ်ဦးတည်းရှိသဖြင့် ကြန့်ကြာမှု အနည်းငယ်ရှိပါသည်။ မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် အခက်အခဲ အနည်းငယ် ရှိပါသည်။ ကျွန်တော်တို့ရွာတွင်လည်း ဆရာမတစ်ဦးရှိလျှင်

မိုးရာသီအရေးပေါ်မီးဖွားမှုများကို အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ပြီး မိခင်နှင့်ကလေး အန္တရာယ်ကို စိုးရိမ်စရာမရှိတော့ပါ။

ကျွန်တော်တို့ရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ သက္ကယ်ကြင်း ကျေးရွာအုပ်စုမှာသာ ကျေးလက်ကျန်းမာရေးဌာနခွဲထားရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနနှင့် (၂)မိုင်ခန့် ကွာဝေးပါသည်။ နေမကောင်းလျှင် ဆိုင်ကယ်နှင့် သွားကြပါသည်။ ကျန်းမာရေးဌာနခွဲတွင် ဆေးဝါးလုံလောက်မှုမရှိပါ။ ကျန်းမာရေးဌာန ဖန်ထမ်းအင်အားမှာ (၄)ရွာမှ ဆရာမ တစ်ဦးသာလျှင် ရှိပါသည်။ တိုက်နယ်ဆေးရုံနှင့် (၅)မိုင် ကွာဝေးပါသည်။ တိုက်နယ်ဆေးရုံ၌ ခေတ်မီဆေးဝါးများ လုံလောက်မှုမရှိပါ။ မြို့နယ်ဆေးရုံနှင့် (၂၃)မိုင် ကွာဝေးလှပါသည်။ ဝေးလှသဖြင့် အရေးပေါ် လူနာများသာ သွားရပါသည်။ ကျွန်တော်တို့ပန်းညိုရွာတွင် ဆေးဝါး ကျွမ်းကျင်နှင့် သူနာပြုအကူ သင်တန်းဆင်း (၁)ဦးကျန်းမာရေးထောက်ပံ့ပေးနေပါသည်။

ကျွန်တော်တို့ပန်းညိုရွာသည် ရေတွင်း(၈)တွင်းရှိပြီး မိုးရာသီ၊ ဆောင်းရာသီများသာရေပေါများပြီး နွေရာသီတွင် ရေတွင်းအားလုံးရေထွက်နည်းပြီး ရွာသူ/သားများရေအခက်အခဲ ကြုံတွေ့နေရပါသည်။ ရွာအနီးတွင် ချောင်း၊မြောင်းရှိ၍ စိုက်ပျိုးရေး၊ ကျွဲ၊နွားသုံးရေအဖြစ်အသုံးပြုနေရပါသည်။ ကျွဲ၊ နွား၊ ဝက်များ တစ်နိုင်တစ်ပိုင်မွေးမြူကြသဖြင့် တချို့အိမ်များတွင် သန့်ရှင်းရေး အနည်းငယ် လစ်ဟာမှုရှိပါသည်။ပန်းညိုရွာသူ/သားများအားလုံးသည် ယင်လုံအိမ်သာများကိုသာ အသုံးပြုနေကြပါသည်။ အိမ်သာမရှိသည့် မိသားစုများလည်း အိမ်နားနီးချင်းအိမ်သာများတွင် အသုံးပြုကြပါသည်။

(စျ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး) ။ ။ ကျွန်တော်တို့ပန်းညိုရွာ၏ လမ်းများနှင့် ကျေးရွာချင်းဆက်သွားလာသောလမ်းများသည် မြေသားလမ်းများဖြစ်၍ မိုးရာသီ၌ ရွာထဲလမ်းများနှင့် အဓိကလမ်းမကြီးသည် လူများ၊ ဆိုင်ကယ်များသွားလာရာတွင် အလွန်ခက်ခဲလျှက်ရှိပါသည်။ ရွာ၏ ချဉ်းကပ်လမ်းများနှင့် အဓိကလမ်းမကြီးများရှိ ရေကျော်များသည် မိုးများလျှင် ရေအလွန်များသောကြောင့် အရေးပေါ်သွားလာသူများ အလွန်အမင်း ဒုက္ခရောက်လျှက် ရှိပါသည်။ ပွင့်လင်းရာသီရောက်လျှင်လည်း မိုးများထားသောကြောင့် ရေတိုက်စားခြင်း ၊ချိုင့်ခွက်များ ရှိကာ တစ်ရွာမှတစ်ရွာကို သွားလာရာတွင် ကြန့်ကြာမှုရှိပါသည်။

ကျွန်တော်တို့ပန်းညိုရွာ၏ အရှေ့ဘက်တွင် တံတားတစ်စင်း ရွာ၏ဘုန်းကြီးကျောင်းကို သွားလာရာတွင် တံတားတစ်စင်းနှင့် စာသင်ကျောင်းသို့သွားလာရာတွင် တံတားတစ်စင်း စုစုပေါင်းတံတား (၃)စင်းရှိပါသည်။ လက်ရှိတံတားများသည် ရွာသားများဝိုင်းဝန်းဆောက်လုပ်ထားပြီး သွားလာရာတွင် အဆင်ပြေရုံလောက်သာရှိပြီး ခိုင်ခံ့မှုမရှိသော သစ်သားတံတားများသာဖြစ်ပါသည်။ ယခုအချိန်တွင် အိုမင်းဟောင်းနွမ်းလာပြီး မိုးရာသီ၌ ကျောင်းသားများကျောင်းသွားရာနှင့် တစ်ရွာနှင့်တစ်ရွာ ကူးသန်းသွားလာသူများနှင့် ဆိုင်ကယ်မောင်းနှင်သူများသည် ရေကြီးခြင်း၊ တံတားတွင် အကာအရံမရှိခြင်းကြောင့် သွားလာရာတွင် အန္တရာယ်အလွန်များပါသည်။

ကျွန်တော်တို့ရွာ၏ သယ်ယူပို့ဆောင်ရေးစနစ်မှာ ဆိုင်ကယ်နှင့် နွားလှည်းများကိုသာ အများဆုံး အသုံးပြုပါသည်။ ပန်းညိုရွာတွင်ထော်လာဂျီတစ်စီးနှင့် ကားတစ်စီးသာရှိ၍ ပွင့်လင်းရာသီမှသာ အသုံးပြုနိုင်ပြီး မိုးရာသီ၌ လမ်းပန်းဆက်သွယ်ရေး မကောင်းသောကြောင့် နွားလှည်းနှင့် ဆိုင်ကယ်များကိုသာ အများဆုံးအသုံးပြုရပါသည်။ ယာဉ်စီးခနှင့် ကယ်ရီခများမှာလည်း အလွန်ပင် ဈေးကြီးလှပါသည်။

ကျွန်တော်တို့ရွာ၏ လျှပ်စစ်မီးရရှိမှုအခြေအနေမှာ ဆိုလာမီးအသေးစားများကိုသာ အသုံးပြုကြပါသည်။ ဆိုလာမီးမလင်းသည့် အိမ်များလည်းရှိပါသည်။ ယခင်က ဒီဇယ်အင်ဂျင်ဖြင့် မီးပေးစနစ်ရှိသော်လည်း လက်ရှိငွေကြေးအခြေအနေကြောင့် အသေးစားဆိုလာ၊ ဖယောင်းတိုင်မီးနှင့် ရေနံဆီမီးအိမ်များကိုသာ အသုံးပြုကြသည်။ ရွာရှိ ကျောင်းသားသူငယ်များမှာလည်း ဆိုလာမီး မှိတ်တုတ်၊ မှိတ်တုတ်နှင့်စာကျက်၍ ပညာကိုဆည်းပူးနေကြရပါသည်။ ကျွန်တော်တို့ရွာရှိ ကျောင်းသူ၊ ကျောင်းသားများသည် (၇)တန်းထိရွာမှ ပညာကို သင်ကြားနိုင်သော်လည်း မြို့ရွာရှိကျောင်းများကို ကွန်ပျူတာ၊ အင်္ဂလိပ်စကားပို့ချခြင်းများကို မမြင်ဘူး၊ မကိုင်ဘူးဘဲ နားဖြင့် သာကြားနေရပြီး ဆိုလာမီးနှင့် စာကျက်နေရသော ကျွန်တော်တို့ရွာ၏ ကျောင်းသားလေးများသည် ရည်မှန်းချက်၊ မျှော်လင့်ချက်များမှာ မှေးမှိန်လွန်းလှပါသည်။

ကျွန်တော်တို့ပန်းညိုရွာတွင် ဆက်သွယ်ရေးတွင် ဖုန်း(၁၂၇)လုံးရှိပြီး Ooredoo ဖုန်းလိုင်းတစ်မျိုးတည်းသာရှိပြီး၊ ရေဒီယို(၁)လုံး၊ တီဗွီ(၃၆)လုံးနှင့် PSI စလောင်း(၃၀) ပိုင်ဆိုင်ကြပါသည်။ ဆိုလာမီးစနစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ဆောင်မှု ညံ့ဖျင်းမှုကြောင့် မြန်မာကားအနည်းငယ်သာ ဖမ်းယူနိုင်ပြီး အများစုမှာ နိုင်ငံခြားလိုင်းများဖြစ်သည်။ တီဗွီအစီအစဉ်များကို အချိန်ပြည့် မကြည့်ရှုနိုင်ပါ။ မိုးရာသီတွင် ရာသီဥတုဆိုးရွားမှုနှင့် ဆိုလာစနစ်ကြောင့် တီဗွီရှိသော်လည်း မီးအခြေအနေကြောင့် မကြည့်ရသေးသော အိမ်များရှိပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျွန်တော်တို့ပန်းညိုရွာတွင် လူငယ်မောင်မယ်များသည် ရိုးရာယဉ်ကျေးမှုကို အလေးထားသူများဖြစ်ကြပါသည်။ ရိုးရာပွဲတော်၊ ဘာသာရေးပွဲတော်များကို အလေးထား ဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများတွင် လူငယ်အဖွဲ့စည်းများ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျွန်တော်တို့ရွာတွင် လူငယ်အားကစားကွင်းများ၊ ကာယလေ့ကျင့်ခန်းများ ဆောင်ရွက်ရန် နေရာအထောက်အကူပစ္စည်းများမရှိခြင်း၊ လူငယ်များ အနားယူအပန်းဖြေစရာ ပန်းခြံ၊ စာကြည့်တိုက်များ၊ လူငယ်ရိပ်သာများမရှိခြင်းတို့ကြောင့် လူငယ်များ လေ့လာမှုတစ်ရပ်အားနည်းနေပါသည်။ ထိုအရာများအားလုံးမရှိခြင်းကြောင့် အသိပညာ၊ ဗဟုသုတ၊ စဉ်စားချင့်ချိန်နိုင်စွမ်းလျော့နည်းလာပြီး မူးယစ်ဆေးဝါးများကို သုံးစွဲလာကြပြီး ရွာသည် မဖွံ့ဖြိုးတော့ပဲ ဆင်းရဲလာကြပါသည်။ လူငယ်များသည် သမရိုးကျ လယ်ယာများကို မိဘနှင့်အတူ စိုက်ပျိုးကြပြီး စားဝတ်နေရေးအတွက်ပြည်ပသို့ သွားရောက်စီးပွားရှာကြပါသည်။ ရွာတွင် လက်မှုပညာတတ်မြောက်သူနှင့် အသက်မွေးဝမ်းကျောင်း ပြုသူရှားပါးမှုကြောင့် လူငယ်များ ပျက်စီးဆုံးရှုံးနေရပါသည်။ ရွာ၏လူငယ်များကို ပြင်ပအဖွဲ့စည်းများနှင့် အစိုးရအဖွဲ့အစည်းများမှ အသိပညာ၊

အတတ်ပညာသင်တန်းပို့ချမှုနှင့် အခြား ဝန်ဆောင်မှုများရရှိလျှင် အလွန်ပင်အဖိုးတန်သော လူငယ်များ အမြောက်အများ ထွက်ရှိလာမည် ဖြစ်သည်။

(၄) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျွန်တော်တို့ပန်းညိုရွာ၏ လုံခြုံရေး အခြေအနေမှာ အသင့်အတင့်သာရှိသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများ မရှိပါ။ ကျွန်တော်တို့ရွာတွင် အဖြစ်များဆုံးအမှုမှာ ခိုးမှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၊ ခိုက်ရန်ဖြစ်ပွားမှုတို့ ဖြစ်သည်။ လူကုန်ကူးမှုနှင့် အကြမ်းဖက် လုယက်မှုများမရှိပါ။ နွေရာသီတွင် မူးယစ်ဆေးဝါးသုံးစွဲသူများသည် ကျွဲ၊နွား၊များကို ခိုးယူရောင်းချ၍ သူတို့၏လိုအင်ဆန္ဒကိုဖြည့်ဆည်းကြသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးသည် ကျွန်တော်တို့ရွာ၏အဓိကရန်သူဖြစ်၍အထက်အရာရှိများက တင်းတင်းကြပ်ကြပ် လုပ်ဆောင်သင့်ပါသည်။ မူးယစ်ဆေးဝါးပေါများသဖြင့် ညအခါသွားလာရာတွင် အန္တရာယ် အလွန်ပင်များပါသည်။ မူးယစ်ဆေးဝါးရောင်းချသူများနှင့် သုံးစွဲသူများကို အဘယ်ကြောင့် ဖမ်းဆီးမရသည်ကို စဉ်းစားမရပါ ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့်ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများရှိပြီး မြေဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။ ရေအရင်းအမြစ်ရရှိနိုင်သော တောင်ကျချောင်းများရှိပါသည်။ စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများပေါများခြင်းကြောင့် မွေးမြူရေးတွင်လည်း နွား၊ကြက်၊ ဝက်များကို တိုးချဲ့မွေးမြူနိုင်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ကုန်ကြမ်းများရရှိနိုင်ပါသည်။ သစ်တောထွက်ပစ္စည်းများ၊ သဘာဝတိရိစ္ဆာန်မျိုးစိတ်များပေါများပါသည်။ ရွှေတူးဖော်ရရှိနိုင်ပြီး ကျောက်၊ သဲများ ပေါများစွာရရှိနိုင်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် တောင်ကျချောင်းရေများရှိသော်လည်း ရေကိုသိုလှောင်မထားနိုင်ခြင်းကြောင့် မိုးရေကို သာမှီခိုအားထား၍ စိုက်ပျိုးနေကြရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရသော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူ ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေမရှိပါ။ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်းကြောင့် စိုက်ပျိုးရာသီပြီးချိန်တွင် အခြားဒေသများသို့ သွားရောက်၍ ဝင်ငွေရှာဖွေကြရပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ ဈေးကွက် နှင့်

လျှပ်စစ်မီးများလက်လှမ်းမမီကြပါ။ လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ထွက်ကုန်များ အချိန်မှီ ဈေးကွက်သို့ မတင်ပို့နိုင်ကြခြင်းသည်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်နေပါသည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းရသူများ ပေါများလာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျှော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် ကျေးရွာမီးလင်းရေးစသည့် လူမှုအခြေခံအဆောက်အဦးများ လက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ် ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩ

အသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်စျေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားရမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊ ဆရာဆရာမများ ပြည့်စုံအောင် ဆောင်ရွက်ခြင်း၊ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိအောင် စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်ကြရပါ မည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့အကျင့်ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက် ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီး ပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေး လုပ်ငန်းများမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်း၊ အိမ်တိုင်း ဆိုလာမီးများတပ်ဆင်ခြင်း၊ ယင်းမှတဆင့် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်းများ ပြုလုပ်သွားခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍

ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထား ချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်း များကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်း ပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း: (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း: (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(၈) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ အခြေခံ အဆောက်အဦ	၁။ ကျေးလက်လမ်း ဖောက်လုပ်ခြင်း	၆၂	၇		
	၂။ တံတားဆောက် လုပ်ခြင်း		၇		
၂။ ပညာရေး	၃။ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း	၇၁	၅		
	လုံလောက်သော ဆရာ ဦးရေရရှိရန် ဆောင်ရွက်ခြင်း	၇၃	၃		
၃။ စိုက်ပျိုးရေး	၄။ချောင်းပြန်လည် တူးဖော်ခြင်း	၇၅	၂		
	၅။ ရေကန်ပြန်လည် တူးဖော်ခြင်း				
	၆။ ရေထိန်းနံရံများ ပြုလုပ်ခြင်း				
	၇။ စိမ့်စမ်းရေ သွယ်ယူခြင်း				
	၈။ ဘက်စုံစိုက်ပျိုးရေးနည်းပညာသင်တန်းများပေးခြင်း	၇၁	၅		
	၉။ မျိုးကောင်းမျိုးသန့် များ ဝယ်ယူသုံးစွဲ နိုင်ရန် ဆောင်ရွက်ခြင်း				
	၁၀။ ပုဂ္ဂလိက စိုက်ပျိုးရေးသင်တန်းများတက်ရောက်ပြီး ပြန်လည် သင်တန်း ပို့ချခြင်း				
၄။ မွေးမြူရေး	၁၁။ မွေးမြူရေးနည်းပညာသင်တန်းပေးခြင်း	၇၂	၄		
၅။ ဘဏ်နှင့် ငွေကြေး	၁၂။ ချေးငွေရရှိရန် ဆောင်ရွက်ခြင်း	၆၈	၆		
	၁၃။ ခေတ်မီထွန်ယက်ပစ္စည်းများ				

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
	အရစ်ကျစနစ်ဖြင့် ရရှိရန် ဆောင်ရွက်ခြင်း				
၆။ စီမံခန့်ခွဲမှု	၁၄။ ကျေးရွာအဖွဲ့အစည်းများ၏ စွမ်းဆောင် ရည် မြင့်မား လာအောင်ဆောင်ရွက်ခြင်း။	၅၈	၉		
၇။ လူငယ် နှင့် အားကစား	၁၅။ စာကြည့်တိုက်ဆောက် လုပ်ခြင်း ၁၆။ စာပေဟောပြောပွဲများ ကျင်းပခြင်း ၁၇။ အပန်းဖြေအားကစားကွင်းများ တည်ဆောက်ခြင်း	၆၀	၈		
	၁၈။ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေးအစီအစဉ်များဆောင်ရွက်ခြင်း ၁၉။ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟော ပြောပွဲများပြုလုပ်ခြင်း	၆၂	၇		
၈။ လျှပ်စစ်	၂၀။ အိမ်တိုင်း မီးရရှိရန် ဆောင်ရွက်ခြင်း	၇၇	၁		

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင်ဆောင်ရွက်ခြင်း • မြေသားလမ်းမှ ကျောက် ခင်းလမ်း • ကျောက်ခင်းလမ်းမှကျောက်ချောလမ်း၊ ကွန်ကရစ်လမ်းသို့ အဆင့်ဆင့် ပြုပြင်ခြင်း • တံတားတည်ဆောက် ခြင်း	၇	✓	✓	✓		
၂	ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း	၅		✓	✓		
၃	လုံလောက်သော ဆရာ ဦးရေရရှိရန် ဆောင်ရွက်ခြင်း	၃	✓				
၄	စိုက်ပျိုးရေ ရရှိရန် ဆောင်ရွက်ခြင်း • ချောင်းပြန်လည် တူးဖော်ခြင်း • ရေကန်ပြန်လည် တူးဖော်ခြင်း • ရေထိန်းနံရံများ ပြုလုပ်ခြင်း • စိမ့်စမ်းရေ သွယ်ခြင်း	၂		✓	✓		
၅	မွေးမြူရေးနည်းပညာသင်တန်းများပို့ချခြင်း	၄	✓	✓			
၆	လယ်ယာကဏ္ဍတိုးတက် အောင်ဆောင်ရွက်ခြင်း • ချေးငွေအချိန်မီ ရရှိရန်ဆောင်ရွက်ခြင်း • ခေတ်မီထွန်ယက် ပစ္စည်းများ အရစ်ကျ စနစ်ဖြင့် ဝယ်ယူခြင်း လုပ်ငန်း	၆	✓	✓			
၇	သီးနှံအထွက်တိုးရန် ဆောင်ရွက်ခြင်း • ဘက်စုံစိုက်ပျိုးရေးနည်းပညာသင်တန်းများပေးခြင်း • မျိုးကောင်းမျိုးသန့် များ ဝယ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်ခြင်း • ပုဂ္ဂလိက စိုက်ပျိုးရေးသင်တန်းများတက်ရောက်ပြီး ပြန်လည် သင်တန်း ပို့ချခြင်း	၅	✓	✓			
၈	ကျေးရွာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မား လာအောင်ဆောင်ရွက်ခြင်း။	၉	✓	✓	✓	✓	✓

၉	လူငယ် နှင့် အားကစားတိုးတက်အောင် ဆောင်ရွက်ခြင်း	၈	✓	✓	✓	✓	✓
၁၀	မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေး အစီအစဉ်များဆောင်ရွက်ခြင်း	၇	✓	✓	✓	✓	✓
၁၁	အိမ်တိုင်း လျှပ်စစ်မီး ရရှိရန် ဆောင်ရွက်ခြင်း	၁	✓				

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	
၁	လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင်ဆောင်ရွက်ခြင်း • မြေသားလမ်းမှ ကျောက်ခင်းလမ်း • ကျောက်ခင်းလမ်းမှကျောက်ချောလမ်း၊ ကွန်ကရစ်လမ်းသို့ အဆင့်ဆင့် ပြုပြင်ခြင်း • တံတားတည်ဆောက် ခြင်း			✓		
၂	ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း			✓		
၃	လုံလောက်သော ဆရာဦးရေရရှိရန် ဆောင် ရွက်ခြင်း					
၄	စိုက်ပျိုးရေ ရရှိရန် ဆောင်ရွက်ခြင်း • ချောင်းပြန်လည် တူးဖော်ခြင်း • ရေကန်ပြန်လည်			✓		

	တူးဖော်ခြင်း • ရေထိန်းနံရံများ ပြုလုပ်ခြင်း • စိမ့်စမ်းရေ သွယ်ခြင်း					
၅	မွေးမြူရေးနည်းပညာသင်တန်း များပို့ချခြင်း				✓	
၆	လယ်ယာကဏ္ဍတိုးတက် အောင် ဆောင်ရွက်ခြင်း • ချေးငွေအချိန်မီ ရရှိရန်ဆောင်ရွက်ခြင်း • ခေတ်မီထွန်ယက် ပစ္စည်းများ အရစ်ကျ စနစ်ဖြင့် ဝယ်ယူခြင်း လုပ်ငန်း			✓		
၇	သီးနှံအတွက်တိုးရန် ဆောင်ရွက်ခြင်း • ဘက်စုံစိုက်ပျိုးရေးနည်းပ ညာသင်တန်း များပေးခြင်း • မျိုးကောင်းမျိုးသန့် များ ဝယ်ယူသုံးစွဲ နိုင်ရန် ဆောင်ရွက်ခြင်း • ပုဂ္ဂလိက စိုက်ပျိုးရေး သင်တန်းများတက် ရောက်ပြီး ပြန်လည် သင်တန်း ပို့ချခြင်း				✓	
၈	ကျေးရွာအဖွဲ့အစည်းများ၏ စွမ်းဆောင် ရည် မြင့်မား လာအောင်ဆောင်ရွက်ခြင်း။				✓	
၉	လူငယ်နှင့်အားကစားတို့ တက် အောင်ဆောင်ရွက်ခြင်း			✓		
၁၀	မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ခြင်း				✓	
၁၁	အိမ်တိုင်း လျှပ်စစ်မီး ရရှိရန် ဆောင်ရွက်ခြင်း			✓		

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင်အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန် များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြ ထားသော သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီး ကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထား ရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင် ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်း ကမ်း များ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့ အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘ ဆရာအသင်း စသည်ဖြင့် ဆောင် ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေ များအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲ ဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ် သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင် အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စု များ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်း များတည် ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ် ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်း အချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့ အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထု အစည်း အဝေး၌

အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည် ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သော အဆို ပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်း ယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲ များ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင် ကျော်လွှား မှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက် မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင် သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(c) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁)ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က)လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၁၁	၁၈
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၃၂	၂၆	၅၈
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃၂	၄၀	၇၂
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၃	၃၂	၅၅
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၈၄	၁၇၇	၃၆၁
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၇	၁၄	၂၁
စုစုပေါင်း		၂၈၅	၃၀၀	၅၈၅
စုစုပေါင်း အိမ်ထောင်စု				၁၀၅

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျွန်တော်တို့ ပန်းညိုရွာ၏ လူဦးရေမှာ နို့စို့အရွယ်ကျား ၇ဦး မ ၁၁ ဦး။ ပေါင်း ၁၈ဦး၅နှစ်အောက်ကလေးငယ်မှာ ကျား ၃၂၊မ ၂၆ဦး မူလတန်းကျောင်းသား အရွယ် ၁၀နှစ်အောက် ကျား ၂၃၊မ ၃၂ဦး ၁၅နှစ် ၆၅နှစ် အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား၁၈၄၊ မ၇၇၊၆၅နှစ်နှင့်အထက် ကျား၇၊မ ၁၄ဦး ၁၀၅ အိမ်ထောင်စု၊ စုစုပေါင်း ကျား၊မ ဦးရေမှာ ၁၁၇၀ ဦးရေဖြစ်သည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၈၈	၁၀၅	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁၆	၁၇	၀	မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၅၃	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၂	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၆	မြင့် □ လတ်□ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၁	မြင့်☐လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၈	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၂၃၁	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျွန်တော်တို့ပန်းညိုရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေး ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးကို အိမ်ထောင်စု ၁၀၅ အိမ်မှာ စစအိမ်သည် ကိုယ်ပိုင် လယ်ယာလုပ်ကိုင်သူများဖြစ်ကြသည်။ လယ်ယာလုပ်ကိုင်ရာတွင် အလုပ်အမားများ

ပွားရမ်းခြင်းအလွန်းနည်းပါးသည်။ အကြောင်းမှာ ကျွန်တော်တို့ဒေသသည် တောင်တန်း ဒေသဖြစ်၍ လယ်ယာမြေတွင်တွင်ကျယ်ကျယ်မရှိပါ။ မွေးမြူရေးလုပ်ငန်းများသည် တစ်နိုင်တစ်ပိုင်အဖြစ်မွေးလေ့ရှိပါသည်။ ဥပမာ-ကျွဲ၊နွား၊ဝက်၊ကြက်၊ဘဲ တို့ဖြစ်ပါသည်။ ကျွန်တော်တို့ရွာ၏ လယ်ယာစိုက်ပျိုးရေးသည် မိုးရွာမှ မိုးရေကို စိုက်ပျိုးရေအဖြစ် အသုံးပြုကြပြီးတစ်သီးစားလယ်ယာများဖြစ်ကြပါသည်။ ထို့ကြောင့် ကျနော်တို့ရွာသူ၊ ရွာသားများ၏ အခြားအလုပ် အကိုင်များမှာ နေ့စား၊ကျပန်းအလုပ်အမားများသော ရွာဖြစ်ပါသည်။ လယ်လုပ်ကိုင်ပြီးလျှင် အခြားဒေသသို့ သွားရောက်ပြီး နေ့စား၊လခစား၊အလုပ်သမား အဖြစ်လုပ်ကိုင် လေ့ရှိကြသည်။ စိုက်ပျိုးရေးကို အဓိကထားသော် မိုးရေခံ လယ်ယာဖြစ်သောကြောင့် စပါးတစ်မျိုးသာ စိုက်ပျိုးလို့ရပါသည်။ မိုးရာသီမှလွဲ၍ နွေနှင့် ဆောင်းရာသီများတွင် အခြားသီးနှံများ စိုက်ပျိုး၍ အဆင်မပြေပါ။ထို့ကြောင့် ကျနော်တို့ပန်းညိုရွာသူ၊ရွာသားများ သည် နေ့စား၊ ကျပန်းများကို အဓိကအလုပ်ကိုင်ဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၆၀၀၀	၅၀၀၀	၄၀၀၀	၃၅၀၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၅၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၀	၀	၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျွန်တော်တို့၏ ကျေးရွာတွင် စိုက်ပျိုးရေးမဟုတ်သော မဓိက ဝင်ငွေရလုပ်ငန်းများ အလွန်နည်းပါးပါသည်။ အလုပ်အကိုင်ရှားပါးသော ဒေသလို့ ပြောလို့ ရပါသည်။ကျွန်တော်တို့ရွာသည် စပါးချိန်နှင့် စပါးသိမ်းချိန်ကာလများသာ အလုပ်အကိုင်ရှိ ပါသည်။ ကျန်အချိန်များတွင် အခြားအလုပ်အကိုင်ဖြစ်သော ဝင်ငွေရနေရာဒေသသို့ ခရီးထွက် ကြပြီး နေ့စား၊ကျပန်းများ လုပ်ကိုင်ကြပါသည်။ ကျွန်တော့်ဒေသတွင် စီးပွားရေး အခိုင်အမာဖြစ်လုပ်ကိုင်သည့် ရေရှည်အတွက်ရပ်တည်နိုင်သော အလုပ်အကိုင်အခွင့်အလမ်း များမရှိသော အရပ်ဖြစ်ပါသည်။ ကိုယ်ပိုင်အသက်မွေးဝမ်းကြောင်းအနေနဲ့ မွေးမြူရေး၊ စိုက်ပျိုးရေး အသိပညာ၊ အတတ်ပညာများနှင့် အခွင့်အလမ်းများကို စောင့်မျှော်လျှက် ရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၄၅.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၆.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၃၉.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	၇၁.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	၁၈.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၄၉၉	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျွန်တော်တို့ရွာတွင် ပိုင်ဆိုင်သည့် မြေအမျိုးအစားများမှာ မြေနီ၊မြေဝါ၊ ကျောက်စလစ်မြေ၊သံမြေ၊ ရွှံစေးမြေများဖြစ်ပါသည်။ ကျွန်တော်တို့သည် မိုစပါး တစ်မျိုးတည်းကိုသာ အဓိကထား စိုက်ပျိုးကြပြီး တောင်ယာများ ကိုလည်း နှမ်းတစ်မျိုးကို သာ စိုက်ပျိုးကြသည်။ ကျွန်တော်တို့ဒေသရှိ မြေများသည် မိုးရာသီ၌ သာအသုံးပြုနိုင်ပြီး ဆောင်းရာသီမှစ၍

ရေများခမ်းခြောက်လာပြီး မြေအစိုဓာတ်များလည်း နဲလာပြီး နွေရာသီတွင် လုံးဝခမ်းခြောက်သွားပြီး မည်သည့်သီးနှံကိုမှ စိုက်ပျိုးမရပါ။ ချောင်းများရှိ သော်လည်း တောင်ကျချောင်းများဖြစ်သဖြင့် မိုးရာသီတွင်ရေကြီးသော်လည်း နွေနှင့်ဆောင်း ရာသီများတွင် ရေရှိရုံမျှပင်ဖြစ်သည်။ ထို့ကြောင့် နွေ၊ဆောင်းရာသီများတွင် မစိုက်ပျိုးနိုင်ပါ။ တစ်ချို့တွင် ချောင်းရေကိုပင်ပန်းကြီးစွား သယ်၍ မိသားစုစားသုံးရန် စိုက်ပျိုးကြသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)**	**အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)**
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐သင့်☐နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☑ သင့်☐နည်း☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐သင့်☑နည်း☐ မရှိ ☐	လွယ် ☑ ခက် ☐အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐သင့်☐နည်း☑ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျွန်တော်တို့ ပန်းညိုရွာ၏ နောက်ခံမိုင်ခန့်တွင် ယခင်ကရွှေထွက် ရှိပါသည်။ ယခုတွင်စီးပွားဖြစ်အောင် မရရှိတော့ပါ။ ကျွန်တော်တို့ရွာအနီး တောင်များတွင် ဆေးဘက်ဝင်အပင်များ အမြောက်အများ ပေါက်ရောက်နေပါသည်။ သဘာဝ တောတွင်းတိရိစ္ဆာန်မျိုးစိတ်များ များစွာတွေ့ရှိရပါသည်။ ကျွဲ၊နွား တိရိစ္ဆာန်စားကျက် များလည်းပေါများပါသည်။ ကျောက်၊သဲ၊ကျောက်စလစ်များ ၊ချောင်း၊မြောင်းများ သဘာဝတောင်တန်းများ၊ စိမ့်ကြီးမြိုင်ကြီးများ၊ပုဂ္ဂလိကရာဘာစိုက်ခင်း များနှင့် အစိုးရ ပိတောက်စိုက်ခင်းများရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅	၁၅	၈၅	၀

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျွန်တော်တို့ ပန်းညိုရွာတွင်နေထိုင်သောသူများသည် ပညာတတ်ရှားပါးခြင်း၊ မိုးရေခံလယ်ယာမြေများဖြစ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးနိမ့်ကျ ခြင်း၊ ကျပန်းလုပ်ကိုင်စားသူများခြင်းနှင့် မူးယစ်ဆေးဝါးပေါများခြင်းတို့ကြောင့် အဆင်ပြေသော အိမ်ထောင်စုမှာ အလွန်ပင်နည်းလှပါသည်။ နွေရာသီနှင့် ဆောင်းရာသီတွင် မိုးမှရသော စပါးနှင့်နှမ်းကို ဝမ်းစာရေး၊လူမှုရေး၊ ဘက်စုံအသုံးပြုနေရသဖြင့် လောက်ငှမှု မရှိပါ။ စပါး အထွက်နှုန်းမှလည်း ၁ဧကကို ၄၀/၅၀ ထွက်သောသူသည် စပါးအလွန်ထက်သော သူဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ ပန်းညိုရွာ၏ အဆင်ပြေသော အိမ်ထောင်စုမှာ လက်ချိုးရေ၍ရနေပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၅	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၅ လုပ်အားခကြိုယူ = ၅
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျွန်တော်တို့ပန်းညိုရွာတွင် လယ်ဧက၃၄.၅ဧက ရှိပါသည်။ တစ်နှစ်တွင် စပါးနှင့် နှမ်းတစ်ရာသီစားပဲစိုက်ပျိုး၍ ရပါသည်။ စပါးကို ၁ ဧကတွင် ပျမ်းမျှ ၁၆ တင်းမှ တင်း ၃၀ အများဆုံး ထွက်ရှိပါသည်။ တင်း၄၀ ထွက်ရှိသောသူမှာ စပါးအထွက် ကောင်းဆုံးသူဖြစ်ပြီး ထွက်ရှိသူအလွန်ပင်နည်းပါးသည်။ နှမ်း ၁ဧက ၅တင်းမှ ၁၀တင်းသာ ထွက်ရှိပြီး မိုးများသောနှမ်းများတွင် ၂ဧကလောက်မှ ၆ တင်းလောက်သာရရှိပြီး ဝမ်းစာမှာ ဖူလုံမှုမရှိပါ။ စပါးကုန်သွားလျှင် စပါးကြိုပေးကို ငွေရှိသော သူများထံထားကြရပြီး ဝမ်းရေးကို လှည့်ပတ်ချေးငှားနေကြရသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၀
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၀
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျွန်တော်တို့ပန်းညိုရွာတွင် မိသားစုမရှိသော သက်ကြီးရွယ်အို (၁)ဦး ရှိပါသည်။ သားလဲမရှိ၊ သမီးလဲမရှိ ၍ ဖြစ်သလိုရှာဖွေစားသောက်နေရပါသည်။ ကျေးရွာမှ ကူညီစောက်ရှောက်သော်လည်း ငွေကြေးအခက်အခဲကြောင့် ပြည့်စုံအောင် မထောက်ပံ့နိုင်ပါ မိသားစု၊ရပ်ရွာများမှ စောက်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်တစ်ဦးမှ မရှိပါ။ မိသားစု ရှိသော်လည်း ငွေကြေးအခက်အခဲကြောင့် ကျန်းမာရေး စောက်ရှောက်မှု အားနည်းနေပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျွန်တော်တို့ရွာသည် တောင်တန်းဒေသဖြစ်ပြီး တစ်သီးစားမိုးရေခံ လယ်ယာမြေများနှင့် ရွာတင်မူးယစ်ဆေးဝါးသုံးစွဲသူ များပြားလာခြင်း ကြောင့် စားနပ်ရိက္ခာမဖူလုံရခြင်းဖြစ်ပါသည်။ အဖိုးတန်သစ်တောများ ပြုန်းတီးလာခြင်း ကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ဆီးခြင်းနှင့် မုန်တိုင်းဒဏ်များ အနည်းငယ်ခံစားရပါသည်။ သစ်တောပေါများ၍ လမ်းပန်းဆက်သွယ်ရေး ဝေးလံခေါင်သီသော ဒေသဖြစ်ပြီး ငှက်ဖျားရောဂါကို အတော်သင့် ခံစားရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☑လတ်☐ နိမ့်☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐လတ်☑ နိမ့်☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐လတ်☑ နိမ့်☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐လတ်☐ နိမ့်☐ မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐လတ်☐ နိမ့်☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐လတ်☐ နိမ့်☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐လတ်☐ နိမ့်☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐လတ်☐ နိမ့်☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐လတ်☐ နိမ့်☑ မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☑လတ်☐ နိမ့်☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐လတ်☐ နိမ့်☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐လတ်☐ နိမ့်☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐လတ်☐ နိမ့်☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☑လတ်☐ နိမ့်☐ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☑လတ်☐ နိမ့်☐ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐လတ်☑ နိမ့်☐ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐လတ်☐ နိမ့်☑ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐လတ်☐ နိမ့်☐ မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐လတ်☐ နိမ့်☐ မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐လတ်☐ နိမ့်☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျွန်တော်တို့ရွာတွင် လူငယ်မူးရစ်ဆေးဝါး ၊ဆေးစွဲသူများပြားလာသဖြင့် ကူးစက်ရောဂါရရှိသူ များပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နဲပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ ၊လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး

ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုနှင့် လှည့်လည်သွားလာ၍ ဈေးရောင်းရသူများ ပေါများလာသည်။ ရွှေတွေ့ရှိသောဒေသနှင့် အညီ ရွှေတူးဖော်ရာတွင် အတော်တဆ ကမ်းပါးပြိုခြင်းတို့ကြောင့် ရွှေတွင်းလုပ်သားများ ထိခိုက်ဒဏ်ရာရရှိ သူများ အနည်းငယ်ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဓမ္မစကူးလ်	၁ ☐ ၂ ☐ ၃ ☑	၂	၅	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း☑ သင့် ☐ ညံ့ ☐
၂	အမျိုးသား/သမီးအဖွဲ့	၁ ☐ ၂ ☐ ၃ ☑	၄၃	၃၄	၇၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့် ☐ ညံ့ ☐
၃	ဂေါပကအဖွဲ့	၁ ☑ ၂ ☐ ၃ ☐	၁၀	၀	၁၀	ပညာရေး☐ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း☑ သင့် ☐ ညံ့ ☐
၄		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐	ကောင်း☐ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့်ကာကွယ်ရေး ☐	
၅		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း☐ သင့် ☐ ညံ့ ☐
၆		၁ ☐ ၂ ☐ ၃ ☐				ပညာရေး☐ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း☐ သင့် ☐ ညံ့ ☐
၇		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျွန်တော်တို့ရွာတွင် စနေ၊တနင်္ဂနေနေ့များတွင် ဓမ္မစကူး ကလေးသူငယ် ယဉ်ကျေးမှုသင်တန်းကို ဆရာ၊ဆရာမ(၇)ဦးနှင့် သင်ကြားပေးနေသည်။ သာရေး၊နာရေး၊ လူမှုရေးကိစ္စအဝဝများတွင် လူငယ်အမျိုးသား၊အမီး (၇၇)ဦးက ဦးဆောင်၍ တာဝန်ထမ်းဆောင်ပေးကြသည်။

ဘာသာရေးကိစ္စများတွင် ဂေါပက (၁၀) ဦးက ဦးဆောင်၍ တက်ညီ လက်ညီနှင့် တစ်ရွာလုံး ဆောင်ရွက်ကြသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ခမ္မစကူးလ်

ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် -

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၇	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၆	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၂၅	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၄၃	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၄	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၀၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျွန်တော်တို့ပန်းညို ရွာ၏ စိုက်မြေပိုင်ဆိုင်မှုမှာ အသင့်အတင့် ပိုင်ဆိုင်သောရွာဖြစ်ပါသည်။ တောင်သူတစ်ဦးလျှင် (၁၂)ဧက ပိုင်ဆိုင်သူသည် လယ်ယာမြေအများဆုံးပိုင်ဆိုင်သူဖြစ်ပြီး ကျွန်တော်တို့ရွာတွင် (၁၂) ဧက ပိုင်ဆိုင်သူ (၃)ဦးသာရှိသည်။ (၁)ဧက၊(၂)ဧက၊(၃)ဧက ၊(၅)ဧက အများဆုံးပိုင်ဆိုင်ကြသည်။ လယ်မြေအားလုံးသည် မိုးကို မျှော်၍

